# ဘာသာစကားပေါင်းစုံနေထိုင်မှုလမ်းညွှန်

## I　အခြားသောလူမှုဖူလုံရေး။

I အခြားသောလူမှုဖူလုံရေး ထိပ်သို့

အခြားလူမှုဖူလုံရေးအဖြစ်ကလေးသူငယ် လူမှုဖူလုံရေး၊လူအိုလူနာပြုစုစောင့်ရှောက်ရေးအာမခံ၊မသန်မစွမ်းသူများအတွက်လူမှုဖူလုံရေးနှင့် လူမှု ဖူလုံ ထောက်ပံ့ကြေးများနှင့်ပတ်သက်၍ ရှင်းလင်းပြောပြ ပါမည်။နိုင်ငံ၏စနစ်ကိုအဓိကထား၍ ရှင်းလင်းမည်ဖြစ်သည်။ ဒေသအလိုက် သီးခြားဝန်ဆောင်မှုများရှိသောဒေသများလည်းရှိသည်။ အသေးစိပ်တကျစွာ သိလိုပါက မြို့နယ်ရုံးရှိလူမှုဖူလုံရေး ဌာနတွင်စုံစမ်းမေးမြန်းပါ။

## 1　ကလေးသူငယ် လူမှုဖူလုံရေး

ကလေးပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်၍ အောက်ပါ ထောက်ပံ့ကြေး များရှိသည်။ မြို့နယ်အလိုက် သီးခြားဆောင်ရွက်နေသော ထောက်ပံ့ခြင်းများလည်းရှိသောကြောင့် အသေးစိပ်အားသက်ဆိုင်ရာ မြို့နယ်ရုံး၏ ကလေးသူငယ်ဌာန အစရှိ သော သက်ဆိုင်ရာကောင်တာတွင် စုံစမ်းမေးမြန်းပါ။

### 1-1　ကလေးသူငယ်ထောက်ပံ့ကြေး

အလယ်တန်းမပြီးဆုံးမီ (၁၅နှစ် ပြည့်ပြီးသောပထမဆုံးကျရောက်သော မတ်လ၃၁ရက်နေ့ အထိ) ကလေးအား ပြုစုပျိုးထောင် နေသူအားပေးအပ်သောနိုင်ငံ၏စနစ်ဖြစ်သည်။ ဝင်ငွေပေါ်အမှီပြု၍ ကန့် သတ်ချက်ရှိ သည်။
( H ကလေးမွေးခြင်း၊ပြုစုပျိုးထောင်ခြင်း　3-4　ကလေးထောက်ပံ့ကြေး အားကြည့် ပါ။)
မူအားဖြင့် ဂျပန်နိုင်ငံအတွင်း မနေထိုင်ပါက ထုတ်ပေးခြင်းမရှိပါ။ သို့သော် ပညာတော်သင်သွားခြင်းစသည်များဖြစ်လျှင် ထုတ်ပေးသည်လည်းရှိသည်။

### 1-2　ကလေး၊သူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ကြေး

မိဘတစ်ဦးတည်းသာရှိသော အိမ်ထောင်စုကိုထောက်ပံ့ပေးသော နိုင်ငံ၏စနစ်ဖြစ်သည်။ ကလေးဖြစ်သူက အသက် ၁၈ နှစ်ပြည့်ပြီးသည့် နှစ်၏ပထမဦး ဆုံးမတ်လ၃၁ ရက်နေ့ အထိလက်ခံရယူနိုင်သည်။ကလေးဖြစ်သူက လွန်စွာမသန်စွမ်းဖြစ်နေသောအခါ အသက် ၂၀ အထိလက်ခံရယူနိုင်သည်။ ထို့အပြင် ဖခင်(သို့)မိခင်ဖြစ်သူက ကြီးလေးသော မသန်စွမ်းသူဖြစ်နေသောအိမ်ထောင်စုတွင်လည်း ကလေး၊သူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ကြေးကို လက်ခံရယူနိုင်သည်။ ဝင်ငွေအပေါ် အမှီပြု၍ ကန့်သတ်ချက် ရှိသည်။

### 1-3　ကလေး၊သူငယ်ပြုစုစောင့်ရှောက်ရေးအထူးထောက်ပံ့ကြေး

စိတ်(သို့) ခန္ဓာကိုယ် တွင် အတိုင်းအတာတခုသော မသန်မစွမ်း မှုရှိသော ကလေးအား ပြုစုပျိုးထောင်နေသောဖခင်(သို့) မိခင်(သို့) အုပ်ထိန်းသူ ကိုထောက်ပံ့ပေးသော နိုင်ငံ၏စနစ် ဖြစ်သည်။ ဝင်ငွေပေါ်အမှီပြု၍ ကန့်သတ်ချက်ရှိသည်။ ကလေးဖြစ်သူက ခန္ဓာကိုယ်မသန်မစွမ်းဂေဟာ၊စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူများဂေဟာများတွင် နေထိုင်ပါက ထုတ်မပေးပါ။

## 1-4 မသန်မစွမ်း ကလေးလူငယ် လူမှုဖူလုံထောက်ပံ့ကြေး

စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ကိုယ်ခန္ဓာတွင် ကြီးလေးသောမသန်စွမ်းမှု ရှိခြင်းကြောင့် နေ့စဉ်အချိန်ပြည့် ပြုစုစောင့်ရှောက်မှုလိုအပ်သော အသက် ၂၀ အောက် နေအိမ်တွင်နေထိုင်သောကလေး၊ လူငယ်အတွက်ထောက်ပံ့သောနိုင်ငံ၏စနစ်ဖြစ်သည်။ ဝင်ငွေ စသည်များအပေါ် အမှီပြု၍ကန့်သတ်ချက်ရှိသည်။

## 1-5 ကြီးလေးသောကိုယ်၊စိတ် မသန်စွမ်းသူဆေးကုသမှုကူညီ ထောက်ပံ့ရေးစနစ်

ကြီးလေးသောကိုယ်၊စိတ် မသန်စွမ်းသူ(ကလေး) ကပေးဆောင်ရမည့် ကျန်းမာရေးအာမခံဥပဒေအရဆေးကုသမှုအတွက် ကိုယ်တိုင်ပေးဆောင်ကျသင့်ငွေ နှင့်ညီ မျှသော ငွေပမာဏအား ကူညီထောက်ပံ့ပေးသည်။ ကူညီထောက်ပံ့မှုရယူနိုင်သူနှင့် ပတ်သက်သောဆုံးဖြတ်မှုမှာ မြို့နယ်အလိုက်ကွာခြားမှုရှိသည်။

## 1-6 အခြားကလေးပြုစုပျိုးထောင်မှု နှင့်ပတ်သက်သောထောက်ပံ့မှု

အမျိုးမျိုးရှိသည်။(Hကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း၃ မွေးဖွားစားရိတ်နှင့်အမျိုးမျိုးသောထောက်ပံ့ကြေး နှင့် 5 ကလေးပြုစုပျိုးထောင်ခြင်း ကိုကြည့်ပါ။)

- **ကလေးသူငယ်လူမှုဖူလုံရေး နှင့်ပတ်သက်သောထောက်ပံ့ကြေးများ**

| ဝန်ဆောင်မှုအမျိုးအစား | ရယူနိုင်သူ၊အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ကလေးသူငယ်ထောက်ပံ့ကြေး | အလယ်တန်းမပြီးဆုံးမီ(၁၅နှစ်ပြည့်ပြီးသောပထမဆုံးကျရောက်သော မတ်လ၃၁ရက်နေ့အထိ)ကလေးအားပြုစုပျိုးထောင်နေသူ | ဝင်ငွေအပေါ်အမှီပြု၍ ကန့်သတ်ချက်ရှိသည် ။ |
| ကလေး၊သူငယ်ပြုစုစောင့်ရှောက်ရေးထောက်ပံ့ကြေး | မိဘတစ်ဦးတည်းသာရှိသော မိသားစု (ဖခင်(သို့)မိခင်ဖြစ်သူက ကြီးလေးသော မသန်စွမ်းသူဖြစ်နေခြင်းအပါအဝင်) သို့မဟုတ် မိဘ မရှိသော မိသားစုတွင် ကလေး (အသက်၁၈နှစ်ပြည့်ပြီးသည့် နှစ်၏ ပထမဆုံး မတ်လ၃၁ ရက်နေ့အတွင်းရှိသူ၊ သို့မဟုတ် အသက်၂၀ မပြည့်သေးဘဲ အတိုင်းအတာတစ်ခုအထိ မသန်စွမ်းသည့် အနေအထားရှိသူ) အား ပြုစုပျိုးထောင်နေသူ | ဝင်ငွေအပေါ်အမှီပြု၍ ကန့်သတ်ချက်ရှိသည် ။ |

# I　အခြားသောလူမှုဖူလုံရေး။

I အခြားသောလူမှုဖူလုံရေး ထိပ်သို့

| ဝန်ဆောင်မှုအမျိုးအစား | ရယူနိုင်သူ၊အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| **ကလေး၊သူငယ်ပြုစုစောင့်ရှောက်ရေး အထူးထောက်ပံ့ကြေး** | စိတ်(သို့) ခန္ဓာကိုယ် တွင် အတိုင်းအတာတစ်ခုသော မသန်စွမ်းမှုရှိသော အသက်၂၀အောက်ကလေးအား ပြုစုပျိုးထောင်နေသော ဖခင်(သို့)မိခင်(သို့) ပြုစုပျိုးထောင်နေသူ<br>※　ကလေးဖြစ်သူကခန္ဓာကိုယ်မသန်စွမ်းဂေဟာ၊စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူများဂေဟာများတွင်နေထိုင်ပါက အကျုံးမဝင် | ဝင်ငွေအပေါ်အမှီပြု၍ ကန့်သတ်ချက်ရှိသည်။ |
| **မသန်မစွမ်းကလေးလူငယ်လူမှုဖူလုံထောက်ပံ့ကြေး** | စိတ် (သို့) ခန္ဓာကိုယ်တွင် ကြီးလေးသောမသန်စွမ်းမှု ရှိခြင်းကြောင့် နေ့စဉ်အချိန်ပြည့် ပြုစုစောင့်ရှောက်မှု လိုအပ်သော အသက် ၂၀ အောက် နေအိမ်တွင်နေထိုင်သူ | ဝင်ငွေအပေါ် အမှီပြု၍ ကန့် သတ်ချက်ရှိသည်။ |
| **ကြီးလေးသောကိုယ်၊စိတ် မသန်စွမ်းသူဆေးကုသမှုကူညီထောက်ပံ့ရေးစနစ်**<br>※　**နေထိုင်သောမြို့နယ်အလိုက်ကွ ၁ ခြားမှုရှိသည်။** | ကိုယ်ခန္ဓာမသန်မစွမ်းစာအုပ်အဆင့်(၁)၊(၂)၊(၃)(သို့) စိတ်ပိုင်းဆိုင်ရာ မသန်မစွမ်းသူစာအုပ်(A)(သို့)(B) အားကိုင်ဆောင်သူအချို့<br>※　ကိုယ်၊စိတ်မသန်မစွမ်းသူစာအုပ်အဆင့်(၃)ကိုကိုင်ဆောင်သူအတွက်ကန့်သတ်ချက်ရှိသည်။ | — |